## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန
## ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်
## နေပြည်တော်ဝင်ကြေးဘီးကောက်လိုင်စင်အတွက်လိုင်စင်စည်းကမ်းသတ်မှတ်ချက်များ

၁။ နေပြည်တော်အဝင် နေရာအလိုက် သတ်မှတ်ပေးထားသော အောက်ပါဂိတ်နေရာများ၌သာ ကောက်ခံရမည်။ သတ်မှတ်ဂိတ်နေရာမှလွဲ၍ ကောက်ခံခြင်းမပြုရ-

(က) **နေပြည်တော်ဝင်ကြေးဘီးကောက်(ရွှေပြည်တော်ဝင်လမ်းဂိတ်)** ။

(၁) ဒက္ခိဏသီရိမြို့၊ ရွှေပြည်တော်ဝင်လမ်း(စီလမ်း)အနီး Toll Gate နေရာ၊

(၂) ဒက္ခိဏသီရိမြို့၊ ရွှေကံ့ကော်လမ်းနှင့် အမြန်လမ်းမီးသတ်အနီး အမြန်လမ်းချဉ်းကပ်လမ်းဆုံရာဂိတ်၊

(၃) ဒက္ခိဏသီရိမြို့၊ သရဖူလမ်းနှင့် ရွှေသပြေလမ်းဆုံရာဂိတ်။

(ခ) **နေပြည်တော်ဝင်ကြေးဘီးကောက်(၁၉/၁ဂိတ်)**။ တပ်ကုန်းမြို့၊နေပြည်တော်တပ်ကုန်းအမှတ်(၁)လမ်းမိုင်တိုင်(၁၉/၁)အနီး Toll Gate နေရာ။

(ဂ) **နေပြည်တော်ဝင်ကြေးဘီးကောက်(၄/၁ဂိတ်)**။ ပုဗ္ဗသီရိအဝင် တပ်ကုန်းအတွင်းလမ်း မိုင်တိုင်(၄/၁)အနီး Toll Gate နေရာ။

(ဃ) **နေပြည်တော်ဝင်ကြေးဘီးကောက်(ရွှေနံ့သာဂိတ်)။** ဥတ္တရသီရိမြို့၊ ပျဉ်းမနား-တောင်ညိုလမ်း မိုင်တိုင် ၁၂/၀ နေရာ။

၂။ ဘီးကောက်ကောက်ခံသည့်ဂိတ်အဆောက်အဦအား ကော်မတီအစီအစဉ်ဖြင့် ဆောက်လုပ်ပေးထား၍ လုံလောက်သော မီးသွယ်တန်းမှုများ စီမံထားရှိပါသည်။ ကော်မတီမှ လိုအပ်ချက်အရညွှန်ကြားလာပါက မီးသွယ်တန်းမှုအားပြင်ဆင်ဆောင်ရွက်ပေးရမည်။ဘီးကောက်ကောက်ခံသည့် ဂိတ်အဆောက်အဦနှင့် ဆိုင်းဘုတ်ထားရှိရာ ပတ်ဝန်းကျင်တွင် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပမှုရှိစေရန် ဆောင်ရွက်ထားရှိရမည်။

၃။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံခြင်းလုပ်ငန်းကို နေ့စဉ်နံနက်(၀၆:၀၀)နာရီမှ နောက်တစ်နေ့နံနက်(၀၆:၀၀)နာရီအထိ (၂၄)နာရီ ကောက်ခံခွင့်ရှိသည်။

၄။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် နေပြည်တော်အတွင်းသို့ ပြင်ပမှဝင်ရောက်လာသော ယာဉ်များကိုသာ ဝင်ကြေးဘီးကောက် ကောက်ခံရမည်။ နေပြည်တော်မှအထွက် ကားများ၊ နေပြည်တော်(ကညနရုံး)တွင် သက်တမ်းတိုးသည့် နှစ်စဉ်ကြေးဘီးခွန်ဆောင်ထားသော (NPW နံပါတ်ပါ)ယာဉ်များ၊ **ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ်(Battery Electric Vehicle – BEV) အမျိုးအစားယာဉ်များ** တို့ကို ဝင်ကြေးဘီးကောက် ကောက်ခံခြင်းမပြုရ။

၅။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အတားအဆီးများ ချထားခြင်း၊ လူ၊ ပစ္စည်းဖြင့် လမ်းပိတ်ဆို့ထားခြင်း မပြုရ။

၆။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် နေ့စွဲနှင့်တံဆိပ်ပါ ငွေရပြေစာ ဖြတ်ပိုင်းကိုသက်ဆိုင်သူအား ပြန်လည်ပေးအပ်ရမည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ သတ်မှတ်ပေးသည့်ပြေစာပုံစံကိုသာအသုံးပြုရမည်။လိုင်စင်ရရှိသူသည် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ပြေစာပုံစံပြောင်းလဲခြင်း၊ဌာန၏တံဆိပ်ပြောင်းလဲအသုံးပြုခြင်းမပြုရ။ ဝင်ကြေးဘီးကောက် ကောက်ခံမည့်ပုဂ္ဂိုလ်များသည် အလုပ်သမားဥပဒေနှင့်အညီ အသက်(၁၈)နှစ်ပြည့်ရမည်ဖြစ်ပြီးယင်းတို့၏အမည်နှင့်ကိုယ်ရေးအချက်အလက်များနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ အရက်သေစာ၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိကြောင်း လိုင်စင်ရရှိသူကိုယ်တိုင် အခွန်ဌာနသို့တင်ပြပြီး ဌာနမှထုတ်ပေးသောစိစစ်ရေးကတ်ပြားများတပ်ဆင်၍ကော်မတီမှသတ်မှတ်ပေးထားသောဝတ်စုံအမျိုးသား(အင်္ကျီအဖြူ၊ဘောင်းဘီနက်ပြာ)၊အမျိုးသမီး(အင်္ကျီ အဖြူ၊လုံချည်နက်ပြာ) ကိုသာ သပ်ရပ်တည်ကြည်စွာ ဝတ်ဆင်ကောက်ခံရမည်။ ကြုံရာကျပန်း တာဝန်ပေး ကောက်ခံစေခြင်းမပြုရ။ထို့အပြင်ဂိတ် တာဝန်ခံနှင့် ကောက်ခံမည့် ပုဂ္ဂိုလ်များ၏ ဓာတ်ပုံများအား ဂိတ်အတွင်း သတ်မှတ်ပုံစံအတိုင်း ချိတ်ဆွဲထားရှိရမည်။ ဂိတ်တာဝန်ခံနှင့် ကောက်ခံသူပြောင်းလဲပါက ဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၇။ အပိုဒ်(၄)ပါ အသိပေးဆိုင်းဘုတ်(၆ပေ×၃ပေ) နှင့်ဂိတ်၏ကိုက်(၃၀၀)အကွာမှစ၍ ကိုက်(၁၀၀)နေရာတိုင်းတွင် "ရှေ့ကိုက်(၁၀၀)တွင် နေပြည်တော်ဝင်ကြေးဘီးကောက်ဂိတ်ရှိသည်" ဟူသော(၆ပေ×၃ပေ)သတိပေးဆိုင်းဘုတ်များအား အုတ်ဖိနပ်ခံ၊ သံပြား(၁၆Guage)ဖြင့် ပြုလုပ်စိုက်ထူရန်နှင့် ဆိုင်းဘုတ်တွင် အနီခံအဖြူရောင်စာလုံးဖြင့် ရေးသားထားရှိရမည်။

၈။ အပိုဒ်(၁)ပါ ဂိတ်နေရာများ၌ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် ကွန်ကရစ်လမ်းများအသုံးပြုခြင်းအပါအဝင် အောက်ဖော်ပြပါနှုန်းထားများအတိုင်းသာ ကောက်ခံရမည်။ သတ်မှတ် နှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ။ အောက်ပါနှုန်းထားဆိုင်းဘုတ်အား (၄ပေ×၈ပေ) အုတ်ဖိနပ်ခံ၊ သံပြား(၁၆Gauge)ဖြင့် ပြုလုပ်စိုက်ထူရန်နှင့် ဆိုင်းဘုတ်တွင် အပြာခံ အဖြူရောင်စာလုံး ဖြင့် ရေးသားထားရှိရမည်-

| **စဉ်** | **ယာဉ်အမျိုးအစား** | **တစ်စီးလျှင်တစ်ရက်(ကျပ်)** |
|---|---|---|
| (က) | ၁- တန်အောက်ယာဉ်များ | ၂၀၀/- |
| (ခ) | ၁- တန်မှ ၃-တန်ကြားယာဉ်များ | ၅၀၀/- |
| (ဂ) | ၃- တန်မှ ၅-တန်ကြားယာဉ်များ | ၇၀၀/- |
| (ဃ) | ၅- တန်နှင့်အထက်ယာဉ်များ | ၁,၂၀၀/- |

C:\Users\REV3\Desktop\webportal first\4 Gate rule(23-24).docx\2

၉။ လိုင်စင်ရရှိသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင် အထွေထွေစည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာရမည်။

၁၀။ လိုင်စင်ရရှိသူသည် ကော်မတီကအခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၁။ လိုင်စင်ရရှိသူသည် လုပ်ကိုင်ခွင့်ရသည့်လုပ်ငန်းကို အခြားသူသို့ တဆင့်အငှားချထားခြင်း၊ ရောင်းချခြင်းမပြုရ။

၁၂။ လိုင်စင်ရရှိသူသည် အထက်ပါသတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေကျပ်(၅၀,၀၀၀/-)တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်အပြီး ပိတ်သိမ်းခြင်းနှင့် အမည်ပျက်စာရင်း တင်သွင်းခြင်း၊ အာမခံအပ်ငွေများအား ကော်မတီဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ လိုင်စင်ကြေးအကြေနှင့် ဒဏ်ကြေး ပေးသွင်းထားသူမှအပ အာမခံတင်သွင်းထားသော ပစ္စည်းများကို လေလံတင်ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

လေလံတင်ရောင်းချရေးအဖွဲ့

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

C:\Users\REV3\Desktop\webportal first\4 Gate rule(23-24).docx\3